# IPU အဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်သုတေသနဝန်ဆောင်မှု

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်

**အကျဉ်းချုပ်**

ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများတွင် လွှတ်တော်နှင့် သုတေသနဝန်ဆောင်မှုကဏ္ဍအကြား ဆက်နွယ်မှုသည် တဖြည်းဖြည်း တိုးတက်လျက်ရှိပါသည်။ မှန်ကန်၍ ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ ကူညီပံ့ပိုးပေးခြင်းသည် ဥပဒေပြုလုပ်ငန်းစဉ်တွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိပါသည်။ ကမ္ဘာ့လွှတ်တော်များတွင် လွှတ်တော်သုတေသန ဝန်ဆောင်မှုများ၏ ဖွဲ့စည်းပုံနှင့် ဆောင်ရွက်ပုံများမှာ ကွဲပြားမှုများရှိပြီး အချို့သောနိုင်ငံများတွင် လွှတ်တော်ပြင်ပမှ သီးခြားလွတ်လပ်သော အဖွဲ့အစည်းများအဖြစ် ဆောင်ရွက်လျက်ရှိနေသကဲ့သို့ အချို့နိုင်ငံများတွင်လည်း လွှတ်တော်အဖွဲ့အစည်း၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်တည်ရှိကာ ဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေး လျက်ရှိပါသည်။ IPU အဖွဲ့ဝင်နိုင်ငံ ပေါင်း ၁၈၃ နိုင်ငံအနက် လွှတ်တော်သုတေသနဝန်ဆောင်မှုကို ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းနှင့် နိုင်ငံအရေအတွက်မှာ မြန်မာအပါ အဝင်နိုင်ငံပေါင်း ၄၀ ရှိပါသည်။

ဤစာတမ်းတိုတွင် IPU အဖွဲ့ဝင်နိုင်ငံများအနက် လွှတ်တော်သုတေသနဝန်ဆောင်မှုပေး ဆောင်နေသော နိုင်ငံအရေအတွက်၊ ဖွဲ့စည်းမှုအခြေအနေ၊ ဝန်ထမ်းခန့်အပ်မှုအခြေအနေများနှင့် အဓိကလုပ်ငန်းတာဝန်များကို လေ့လာသုံးသပ်၍ ထည့်သွင်းရေးသားထားပါသည်။

**သုတေသနစာတမ်းတိုအမှတ်စဉ်-၃၄၀**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | သုတေသန နည်းနာနိဿယများ | ၁ |
| ၄။ | လွှတ်တော်သုတေသနဝန်ဆောင်မှု၏ အခန်းကဏ္ဍနှင့် အရေးပါပုံ | ၂ |
| ၅။ | တောင်ကိုရီးယားနိုင်ငံ အမျိုးသားလွှတ်တော် သုတေသနဝန်ဆောင်မှု ဌာနခွဲ၏ အခန်းကဏ္ဍ | ၃ |
| ၆။ | IPU အဖွဲ့ဝင်နိုင်ငံများ၏ သုတေသနဝန်ဆောင်မှုပေးသည့်နိုင်ငံများ | ၄ |
| ၇။ | ဒေသအလိုက် လွှတ်တော်သုတေသနဝန်ဆောင်မှုပေးသည့်နိုင်ငံများ | ၅ |
| ၈။ | လွှတ်တော်သုတေသနဖွဲ့စည်းပုံ၊ ဝန်ထမ်းခန့်အပ်မှုအခြေအနေနှင့် ဝန်ဆောင်မှုလုပ်ငန်း၏ အဓိကလုပ်ငန်းတာဝန်များ | ၆ |
| ၉။ | နိဂုံး | ၂၃ |

## နိဒါန်း

၁။ လွှတ်တော်သုတေသနဝန်ဆောင်မှုလုပ်ငန်းဟူသည် ဥပဒေပြုခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့်ကိုယ်စားပြုခြင်းဟူသော တာဝန်သုံးရပ်အောက်တွင် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ ဥပဒေပြုရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရာတွင်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွဲခြမ်းစိတ်ဖြာ၍ ဘက်ပေါင်းစုံမှ ဆန်းစစ်လေ့လာထားသော၊ ဘက်လိုက်မှုကင်းသော၊ မှန်ကန်သောသတင်းအချက်အလက်များကို သုတေသနပြုစု၍ ပံ့ပိုးပေးသည့် ဘက်မလိုက်သည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပါသည်။

၂။ ကမ္ဘာတစ်ဝန်းရှိ လွှတ်တော်များမှ ကိုယ်စားလှယ်များသည် မှန်ကန်သောသတင်းအချက်အလက်များရရှိနိုင်ရေးအတွက် လွှတ်တော်သုတေသီများကို အဓိကမှီခိုအားထားရပါသည်။ ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုအကြား လွှတ်တော်ကိုယ်စားလှယ်များ ပြောင်းလဲမှုရှိသော်လည်း လွှတ်တော်သုတေသီများအပါအဝင် လွှတ်တော်ဝန်ထမ်းများမှာ ဆက်လက်တည်ရှိနေပြီး အဖွဲ့အစည်းဆိုင်ရာမှတ်တမ်းများ၊ သတင်းအချက်အလက်များကို ထိန်းသိမ်းထားပြီး လွှတ်တော်လုပ်ငန်းစဉ်များ၏ တည်ငြိမ်မှုနှင့်စဉ်ဆက်မပြတ်တိုးတက်မှုအတွက် ပံ့ပိုးကူညီပေးလျက်ရှိရာ ၎င်းသည် လွှတ်တော်အဖွဲ့အစည်းများ၏ အဓိကတာဝန်တစ်ခုပင် ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၃။ ဤစာတမ်းတိုပါ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လွှတ်တော်သုတေသနဝန်ဆောင်မှု၏ အခန်းကဏ္ဍနှင့် အရေးပါပုံကို သိရှိနိုင်စေရန်၊

(ခ) IPU အဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်သုတေသနဝန်ဆောင်မှုလုပ်ငန်းများပေးနေသော နိုင်ငံများကို သိရှိနိုင်စေရန်နှင့်၊

(ဂ) IPU အဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်သုတေသနဖွဲ့စည်းပုံ၊ ဝန်ထမ်းများ၏ ခန့်အပ်မှုအခြေအနေနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သိရှိနိုင်စေရန်တို့ဖြစ်ပါသည်။

## သုတေသန နည်းနာနိဿယများ

၄။ စာတမ်းတိုပါ အချက်အလက်များကို သုတေသနစာစောင်များနှင့် နိုင်ငံအသီးသီးရှိ လွှတ်တော် Website များမှ ကောက်နုတ်ရေးသားထားပါသည်။

## လွှတ်တော်သုတေသနဝန်ဆောင်မှု၏ အခန်းကဏ္ဍနှင့် အရေးပါပုံ

၅။ လွှတ်တော်သုတေသနဝန်ဆောင်မှုလုပ်ငန်းသည် လွှတ်တော်ကိုယ်စားလှယ်များအား ဘက်လိုက်မှုမရှိဘဲ မှန်ကန်သောသတင်းအချက်အလက်များကို ထောက်ပံ့ပေးခြင်းဖြင့် ဒီမိုကရေစီစနစ်ခိုင်မာစေရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ကြောင့် **"ဘက်လိုက်မှုကင်းရှင်းခြင်း"** သည် သုတေသနဝန်ဆောင်မှုလုပ်ငန်း၏ အဓိကစံနှုန်းတစ်ရပ်ဖြစ်ပါသည်။ ယင်းဝန်ဆောင်မှု၏ အဓိကတာဝန်မှာ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များအား မှန်ကန်သော ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ဥပဒေမူကြမ်းရေးဆွဲခြင်းနှင့် အစိုးရ၏မူဝါဒများအပေါ် စောင့်ကြည့်စစ်ဆေးခြင်းတို့ကိုဆောင်ရွက်ရာတွင် တိကျမှန်ကန်သော သတင်းအချက်အလက်များဖြင့် ထောက်ပံ့ပေးနိုင်ရန်ဖြစ်ပါသည်။ ထို့ကြောင့် သတင်းအချက်အလက်များကို သုတေသနပြုစုရေးသားထုတ်ဝေခြင်းနှင့်နိုင်ငံတကာကာနှိုင်းယှဉ်လေ့လာမှုများ ပြုလုပ်ခြင်းတို့မှတစ်ဆင့် လွှတ်တော်အစည်းအဝေးအတွင်း ဆွေးနွေးရာ၌ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စကားလုံးအသုံးအနှုန်းထက် အချက်အလက်အပေါ်အခြေခံနိုင်စေရန် ဖြစ်ပါသည်။

၆။ လွှတ်တော်သုတေသနဝန်ဆောင်မှုကို "**ဥပဒေပြုလွှတ်တော်များ၏ အသိပညာကျောရိုးအဖြစ်**" ဆောင်ရွက်နေသော ဝန်ဆောင်မှုလုပ်ငန်းဟု ခေါ်ဝေါ်လေ့ရှိပါသည်။ ရှုပ်ထွေးသောကိစ္စရပ်များနှင့် လက်တွေ့ကျသော မူဝါဒများချမှတ်မှုများအကြား ကွာဟချက်ကို ပေါင်းကူးပေးထားပြီး ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များအတွက် အသိပညာ၊ နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူစွာနားလည်နိုင်စေရန် အထောက်အပံ့ဖြစ်စေပါသည်။ အမေရိကန်ရှိ ကွန်ဂရက်သုတေသနဝန်ဆောင်မှု (Congressional Research Service-CRS)နှင့် ဥရောပသမဂ္ဂရှိ ပါလီမန်သုတေသနဝန်ဆောင်မှု (European Parliamentary Research Service-EPRS) ကဲ့သို့သောအဖွဲ့အစည်းများတွင် မူဝါဒနယ်ပယ်အမျိုးမျိုးကို ဖြည့်ဆည်းပေးနိုင်ရန် ကဏ္ဍအလိုက် အထူးကျွမ်းကျင်ပညာရှင်များနှင့် ပရော်ဖက်ရှင်နယ်များဖြင့် ဖွဲ့စည်းထားပြီး သုတေသနဝန်ဆောင်မှုများကို ပေးဆောင်လျက်ရှိပါသည်။[1] [2]

[1] International Federation of Library Associations and Institutions, Library and Research Services for Parliaments Section, available from; Library and Research Services for Parliaments Section – IFLA [accessed 18 February 2026]
[2]EPRS, European Parliamentary Research Service, available from: https://epthinktank.eu/about/ [accessed 18 February 2026]

၇။ အဖွဲ့အစည်းဆိုင်ရာရှုထောင့်မှကြည့်လျှင် နိုင်ငံအလိုက် လွှတ်တော်သုတေသနဝန်ဆောင်မှု လုပ်ငန်းမှာ ပုံစံကွဲပြားလျက်ရှိပြီး အဓိကအားဖြင့် အတွင်းအဖွဲ့အစည်း၊ ပြင်ပအဖွဲ့အစည်းနှင့် ပေါင်းစပ်အဖွဲ့ဟူ၍ အမျိုးအစားသုံးမျိုးခွဲခြားနိုင်ပါသည်။ အတွင်းအဖွဲ့အစည်းဆိုသည်မှာ လွှတ်တော် ဖွဲ့စည်းပုံအတွင်း၌ ပါဝင်နေသော အဖွဲ့အစည်းများဖြစ်ပြီး လွှတ်တော်အုပ်ချုပ်ရေးယန္တရား၏ ဌာနဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်ပါသည်။ ပြင်ပအဖွဲ့အစည်း ဆိုသည်မှာ သုတေသနအဖွဲ့အစည်းများအနေဖြင့် သီးခြားလွတ်လပ်စွာ တည်ရှိနေပြီး လွှတ်တော် နှင့်ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များအတွက် သုတေသနပံ့ပိုးပေးခြင်းနှင့်လွှတ်တော် သုတေသီများအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်လျက်ရှိသည့် ပြင်ပအဖွဲ့အစည်းအဖြစ် သတ်မှတ်နိုင်ပါသည်။[3]

၈။ ပေါင်းစပ်အဖွဲ့အစည်းဆိုသည်မှာ အတွင်းနှင့်ပြင်ပ အဖွဲ့အစည်းများ၏ လက္ခဏာရပ်များကို ပေါင်းစပ်ထားသည့် ပေါင်းစပ်အဖွဲ့အစည်း (mixed model) အမျိုးအစားတွင် ပါဝင်ပါသည်။ ဥပမာ ထိုင်းနိုင်ငံတွင် ယခင်က အောက်လွှတ်တော်၊ အတွင်းရေးမှူးရုံးအောက်ရှိ သုတေသနဌာနသည် လွှတ်တော်အဖွဲ့အစည်းအတွင်း တည်ထောင်ခဲ့သောအဖွဲ့အစည်းတစ်ခုဖြစ်ခဲ့သော်လည်း ၁၉၉၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော King Prajadhipok's Institute Act အရ လွတ်လပ်သော အဖွဲ့အစည်း အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ထို့ကြောင့် ထိုင်းနိုင်ငံရှိ KPI သည် အတွင်းအဖွဲ့အစည်းဖြစ် သည့်အပြင် လွတ်လပ်စွာသီးခြားရပ်တည်ပံ့ပိုးပေးသည့် အတွင်းနှင့်ပြင်ပလက္ခဏာများ ပေါင်းစပ် ထားသော အဖွဲ့အစည်းတစ်ရပ်အဖြစ်လည်း သတ်မှတ်နိုင်ပါသည်။[4]

## တောင်ကိုရီးယားနိုင်ငံ အမျိုးသားလွှတ်တော် သုတေသနဝန်ဆောင်မှုညီလာခံ၏ အခန်းကဏ္ဍ

၉။ တောင်ကိုရီးယားနိုင်ငံ အမျိုးသားလွှတ်တော်သုတေသနဝန်ဆောင်မှုညီလာခံ National Assembly Research Service (NARS) သည် လွှတ်တော်သုတေသနပံ့ပိုးမှုကို ပိုမိုမြှင့်တင်ရန် ကမ္ဘာတစ်ဝန်းမှ မတူညီသော လွှတ်တော်သုတေသနဝန်ဆောင်မှုပေးသည့် သုတေသီများကို စုစည်း၍ လွှတ်တော်သုတေသနဝန်ဆောင်မှုများအတွက် သုတေသနညီလာခံများကို နှစ်စဉ်ကျင်းပ


[3] ResearchGate, Parliamentary Libraries, Institutes and Offices: The Sources of Parliamentary Informationhttps://www.researchgate.net/publication/228190716_Parliamentary_Libraries_Institutes_and_Offices_The_Sources_of_Parliamentary_Information/[accessed 3 March 2026]
[4] Ibid

ပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ မတူညီသော သုတေသနဝန်ဆောင်မှုများမှ ကိုယ်စားလှယ်များသည် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရန်၊ အတွေ့အကြုံများ မျှဝေရန်နှင့် လွှတ်တော်သုတေသနဝန်ဆောင်မှုများကို ပိုမိုမြှင့်တင်ရန် ရည်ရွယ်၍ ဦးဆောင်ကျင်းပပေးသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ပါသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးပွဲများကျင်းပရခြင်းသည် ဝန်ဆောင်မှုပေးရာတွင်လည်းကောင်း၊ ဥပဒေပြုရေးလုပ်ငန်းများကို ပံ့ပိုးရာတွင်လည်းကောင်း လက်တွေ့အတွေ့အကြုံများနှင့် အကောင်းဆုံးနည်းလမ်းများကို မျှဝေ၍လည်းကောင်း လွှတ်တော်သုတေသနဝန်ဆောင်မှုများအကြား ပူးပေါင်းဆောင်ရွက်မှုကွန်ရက်တစ်ခု တည်ဆောက်ရန်နှင့် လွှတ်တော်ပံ့ပိုးမှုများကို ယခုထက်ပိုမိုမြှင့်တင်ကာအကောင်းဆုံးနည်းလမ်းများ ဆွေးနွေး၍ အခွင့်အလမ်းများပေးရန် ရည်ရွယ်ပါသည်။[5]

၁၀။ ထိုဆွေးနွေးပွဲများကို ၂၀၁၀ ပြည့်နှစ်တွင် ပထမအကြိမ်အဖြစ် စတင်ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်တွင် (၁) ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် (၁) ကြိမ်၊ ၂၀၁၉ ခုနှစ် တွင် (၁) ကြိမ်၊ စုစုပေါင်း (၃) ကြိမ်တက်ရောက်ခဲ့ပါသည်။[6]

**IPU အဖွဲ့ဝင်နိုင်ငံများ၏ သုတေသနဝန်ဆောင်မှုပေးသည့်နိုင်ငံများ**

၁၁။ အောက်ဖော်ပြပုံကားချပ်သည် ဒေသအလိုက်နိုင်ငံများ၏ လွှတ်တော်သုတေသနဝန်ဆောင်မှုကိုပေးဆောင်သည့် နိုင်ငံများအရေအတွက်ကို ဖော်ပြထားခြင်း ဖြစ်ပါသည်-




*Source: National Assembly Research Service (NARS)*

၁၂။ အထက်ပါပုံကားချပ်အရ IPU အဖွဲ့ဝင်နိုင်ငံ ၁၈၃ နိုင်ငံအနက် လွှတ်တော်သုတေသနဝန်ဆောင်မှုပေးသော နိုင်ငံစုစုပေါင်း ၃၉ နိုင်ငံနှင့် အဖွဲ့အစည်း ၁ ခု စုစုပေါင်း ၄၀ ခုရှိပါသည်။ အာရှ

[5] National Assembly Research Service, NARS International Seminar, available from: https://www.nars.go.kr/eng/seminar/intro.do/[accessed 15 April 2026]
[6] National Assembly Research Service, NARS International Seminar, available from: https://www.nars.go.kr/eng/seminar/history.do/[accessed 15 April 2026]

နိုင်ငံအများစုမှာ လွှတ်တော်သုတေသနဝန်ဆောင်မှုအများဆုံးပေးသော နိုင်ငံများဖြစ်ပြီး ဒုတိယ အများဆုံးမှာ ဥရောပနိုင်ငံများနှင့် တတိယအများဆုံးနိုင်ငံများမှ မြောက်အမေရိကနိုင်ငံများဖြစ် ကြောင်းတွေ့ရှိရပါသည်။

**ဒေသအလိုက် လွှတ်တော်သုတေသနဝန်ဆောင်မှုပေးသည့်နိုင်ငံများ**

၁၃။ လွှတ်တော်သုတေသနဝန်ဆောင်မှုပေးသည့်နိုင်ငံများကို အောက်ဖော်ပြပါအတိုင်း ဒေသ အလိုက်ခွဲခြားထားပါသည်-

(က) **အာရှနိုင်ငံ (၂၀ နိုင်ငံ)**- ကမ္ဘောဒီးယား၊ အိန္ဒိယ၊ လာအို၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အီရန်၊ ဂျပန်၊ တောင်ကိုရီးယား၊ မြန်မာ၊ တူကီယဲ၊ ကူဝိတ်၊ ပါကစ္စတန်၊ နီပေါ၊

(ခ) **ဥရောပနိုင်ငံ (၁၃ နိုင်ငံ)-** ဆွစ်ဇာလန်၊ ဆွီဒင်၊ ချက်သမ္မတနိုင်ငံ၊ ဂျာမနီ၊ ဂရိ၊ အီတလီ၊ နယ်သာလန်၊ ပိုလန်၊ ဩစတြီးယား၊ အင်္ဂလန်၊ ဖင်လန်၊ လတ်ဗီးယား၊ ရုရှား၊

(ဂ) **အာဖရိကနိုင်ငံ (၂ နိုင်ငံ)-** ယူဂန်ဒါနိုင်ငံနှင့် အယ်လ်ဂျီးရီးယား၊

(ဃ) **မြောက်အမေရိကနိုင်ငံ (၃ နိုင်ငံ)**- အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကို၊

(င) **သမုဒ္ဒရာကျွန်းစုနိုင်ငံနှင့် အခြား (၁ နိုင်ငံ)**- ဩစတြေးလျနိုင်ငံနှင့် ဥရောပသမဂ္ဂ အဖွဲ့အစည်း တို့ဖြစ်ပါသည်။

## လွှတ်တော်သုတေသနဖွဲ့စည်းပုံ၊ ဝန်ထမ်းခန့်အပ်မှုအခြေအနေနှင့် ဝန်ဆောင်မှုလုပ်ငန်း၏ အဓိကလုပ်ငန်းတာဝန်များ

၁၄။ IPU အဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်သုတေသနဖွဲ့စည်းပုံ၊ ဝန်ထမ်းခန့်အပ်မှုအခြေအနေနှင့် သုတေသနဝန်ဆောင်မှုလုပ်ငန်းများ၏ အဓိကတာဝန်များကို အောက်ပါဇယားအတိုင်း ဖော်ပြထားပါသည်-

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| ၁။ | **ကမ္ဘောဒီးယား** | ကမ္ဘောဒီးယားပါလီမန်သုတေသနအဖွဲ့အစည်း (PIC/ PCAsia) သီးသန့်ပညာရှင်အဖွဲ့အစည်း သို့မဟုတ် ပြင်ပအဖွဲ့အစည်း | အထူးပြုပညာရှင်များနှင့်လေ့ကျင့်သင်ကြားပေးထားသည့် လွှတ်တော်ဝန်ထမ်းများ၊ | ▪ ဘက်လိုက်မှုကင်းရှင်းသော သုတေသနစာတမ်းများ ပြုစုရေးသားပေးခြင်းနှင့် ဥပဒေပြုရေးနှင့် ဘတ်ဂျက်ဆိုင်ရာဆန်းစစ်မှုများ ပြုလုပ်ပေးခြင်း၊[7] |
| ၂။ | **အိန္ဒိယ** | သုတေသနနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုဌာန၊ ဌာနခွဲ (၉) ခုဖြင့် ဖွဲ့စည်း၊ (အတွင်းအဖွဲ့အစည်း) | ဝန်ထမ်းအရေအတွက် အတိအကျထုတ်ဖော် ထားခြင်းမရှိသော်လည်း လေ့ကျင့်သင်ကြားထားသောဝန်ထမ်းများ၊ ဘာသာရပ်အလိုက်ကျွမ်းကျင် ပညာရှင်များဖြစ်သည့် သုတေသနအရာရှိများနှင့် လက်ထောက်သုတေသနအရာရှိများ၊ စာကြည့်တိုက်မှူးများ၊ စာရွက် | ▪ သတင်းအချက်အလက်လိုအပ်ချက်များကို ကြိုတင်သုံးသပ်ရန် လက်ရှိလွှတ်တော်တွင် စိတ်ဝင်စားမှုရှိနိုင်သော အကြောင်းအရာများကို သုတေသနပြုခြင်း၊<br>▪ ပြည်တွင်းပြည်ပ၌ လက်တလောဖြစ်ပေါ်နေသော ကိစ္စရပ်များကို သိရှိနိုင်စေရန် ဘက်မလိုက်သော၊ ယုံကြည်စိတ်ချရသော အရင်းအမြစ်အပေါ် အခြေခံထားပြီး သတင်းအချက်အလက်များပါရှိသည့် လက်ကမ်းစာစောင်များ၊ သတင်း |

[7] Parliamentary Center of ASIA, PCAsia, available from; https://pcasia.org/parliamentary-responsibilities/[accessed 4 Aprial 2026]

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| | | | စာတမ်းအရာရှိများနှင့် စီမံခန့်ခွဲရေး အရာရှိများစသည့် ကျွမ်းကျင်ပညာရှင်များ | လွှာများ၊ နောက်ခံမှတ်စုများ၊ အချက်အလက်စာရွက်များ စသည့် ထုတ်ဝေမှုများကို ရေးသားထုတ်ဝေခြင်း၊[8] |
| ၃။ | **လာအို** | ဥပဒေပြုရေးလေ့လာမှုဗဟိုဌာန၊ (အတွင်းအဖွဲ့အစည်း) | လေ့ကျင့်သင်ကြားပေးထားသည့် အထွေထွေလွှတ်တော်ဝန်ထမ်းများ | ▪ ပါတီနှင့် အစိုးရမူဝါဒများကို ဥပဒေအဖြစ်ပြောင်းလဲပေးခြင်း၊ ဥပဒေကြမ်းများအား ဆန်းစစ်ခြင်း၊<br>▪ ပြည်သူ့သဘောထား ကောက်ယူခြင်း၊ |
| ၄။ | **မွန်ဂိုလီးယား** | လွှတ်တော်သုတေသနနှင့် လေ့ကျင့်ရေးဌာန(အတွင်းအဖွဲ့အစည်း) | ကျွမ်းကျင်ပညာရှင်ဆန်သော လွှတ်တော်ဝန်ထမ်းများ | ▪ သုတေသနနှင့် ရည်ညွှန်းကိုးကားချက်များ ပံ့ပိုးပေးခြင်း၊<br>▪ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်ခြင်း၊<br>▪ အကြံပြုချက်များ ရေးသားခြင်း၊<br>▪ Databases တည်ဆောက်ခြင်း၊<br>▪ လွှတ်တော်သုတေသနကို မြှင့်တင်ခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ရေးသင်တန်းများ စီစဉ်ပေးခြင်း၊<br>▪ အများပြည်သူအတွက် လွှတ်တော်ပညာရေး လေ့ကျင့်ရေး အစီအစဉ်များ ရေးဆွဲခြင်း၊<br>▪ လွှတ်တော်စာကြည့်တိုက်ကို စီမံခန့်ခွဲခြင်း၊[9] |

[8] Lok Sabha, House of the People, available from: https://sansad.in/ls/library/research-service/[accessed 4 April 2026]
[9] The State Great Hural/Parliament of Mongolia, Organizational Units, available from; https://www.parliament.mn/en/nn/30890//[accessed 6 April 2026]

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| ၅။ | **ဗီယက်နမ်** | ဥပဒေပြုရေးလေ့လာမှုဗဟိုဌာန၊ | မတူညီသော ပညာရေးနောက်ခံ အမျိုးမျိုးနှင့် အဆင့်မြင့်ကျွမ်းကျင် ပညာရေးနောက်ခံရှိသော လွှတ်တော်ဝန်ထမ်းများ | ▪ ပါတီမူဝါဒများကို ဆန်းစစ်ပေးခြင်း (ဥပမာ-မူဝါဒသည် လက်တွေ့အကောင်အထည်ဖော်လို့ ရ/မရ)၊ လွှတ်တော်ကော်မတီများကို သုတေသနစာတမ်းပြုစုရေးသားပေးခြင်း၊<br>▪ သိပ္ပံနည်းကျသုတေသနစီမံကိန်းများ လုပ်ဆောင်ခြင်း၊ |
| ၆။ | **အင်ဒိုနီးရှား** | လွှတ်တော်သုတေသနဝန်ဆောင်မှု | ပရော်ဖက်ရှင်နယ်သုတေသီများ | ▪ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီများအတွက် သုတေသနပြု လုပ်ပေးခြင်း၊<br>▪ အစိုးရဝန်ကြီးဌာနက တင်ပြလာသော ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိ/ မရှိ စစ်ဆေးနိုင်ရန် သုတေသနစာတမ်းပြုစုရေးသားထုတ်ဝေခြင်း၊<br>▪ ဥပဒေကြမ်းမပြဋ္ဌာန်းမီနှင့် ပြဋ္ဌာန်းပြီး ဥပဒေများကို ဆန်းစစ်ခြင်း၊ [10] [11] |
| ၇။ | **ဖိလစ်ပိုင်** | အောက်လွှတ်တော်၏ ကွန်ဂရက်မူဝါဒနှင့်ဘတ်ဂျက်သုတေသနဌာန နှင့် အထက်လွှတ်တော် မူဝါဒလေ့ | ဘာသာရပ်အလိုက်ကျွမ်းကျင် သုတေသနပညာရှင်များ | ▪ မူဝါဒနှင့် စီးပွားရေးဆန်းစစ်ချက်စာတမ်းများ ထုတ်ပြန်ခြင်း၊<br>▪ ဘတ်ဂျက်ကို အသေးစိတ်စိစစ်ခြင်း၊<br>▪ ဥပဒေကြမ်းများ၏ သက်ရောက်မှုကို တွက်ချက်ခြင်း၊[12] |

[10] House of Representatives of the Republic of Indonesia, available from; https://www.dpr.go.id/en/kegiatan-dpr/fungsi-dpr/fungsi-legislasi/[ accessed 15 April 2026]
[11] WFD, Consultant to develop and pilot a bill cost estimate framework in collaboration with the Indonesian Parliament (DPR RI), available from; https://www.wfd.org/vacancy-consultant/consultant-develop-and-pilot-bill-cost-estimate-framework-collaboration#:~:text=With%20support%20from%20the%20UK,a%20bill%20cost%20estimate%20framework./[accessed 15 April 2026]
[12] Congress of the Philippines, The Deputy Secretary General, available from; https://econgress.gov.ph/house-secretariat/ /[accessed 16 April 2026]

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| | | လာရေး၊ စီးပွားရေးနှင့် ဘတ်ဂျက်ဆန်းစစ်ရေးနှင့် ဥပဒေကြမ်းရေးဆွဲရေးအဖွဲ့ဟူ၍ ရှိပါသည်။ | | |
| ၈။ | **စင်ကာပူ** | ပါလီမန်အတွင်းရေးမှူးရုံးအောက်ရှိ စာကြည့်တိုက်နှင့်သုတေသနဌာန၊ | အထူးလေ့ကျင့်သင်ကြားပေးထားပြီး အဆင့်မြင့်ပညာရေးနောက်ခံရှိသော လွှတ်တော်ဝန်ထမ်းများ | ▪ အဆင့်မြင့်မူဝါဒဆန်းစစ်ချက်စာတမ်းများ ထုတ်ပြန်ခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်များအတွက် မေးခွန်းမေးမြန်းရန်အတွက်သော်လည်းကောင်း၊ မိန့်ခွန်းပြောကြားရန်အတွက်သော်လည်းကောင်း အချက်အလက်များရှာဖွေပေးခြင်း၊<br>▪ သတင်းအချက်အလက်နည်းပညာဖြင့် စီမံခန့်ခွဲခြင်း၊[13] |
| ၉။ | **မလေးရှား** | အောက်လွှတ်တော်နှင့် အထက်လွှတ်တော်နှစ်ခုစလုံးအတွက် သုတေသနဝန်ဆောင်မှုပေးသည့် သုတေသနခွဲ (၄) ခုနှင့် စာကြည့်တိုက်ဌာနခွဲဟူ၍ ရှိပါသည်။ | သုတေသနဝန်ထမ်း | ▪ လွှတ်တော်သို့ တင်သွင်းထားသော ဥပဒေကြမ်းများကို လေ့လာဆန်းစစ်၍ ဥပဒေကြမ်းဆိုင်ရာ သုံးသပ်ချက်နှင့် အစီရင်ခံစာများ ပြုစုတင်ပြခြင်း။<br>▪ ပြည်တွင်း၊ ပြည်ပညီလာခံများ၊ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် အကျဉ်းချုပ်စာတမ်းများနှင့် ဆွေးနွေးတင်ပြရန် မှတ်စုများ ပြုစုဆောင်ရွက်ပေးခြင်း။ |

[13] Parliament Secretariat, available from: https://www.parliament.gov.sg/about-us/structure/parliament-secretariat/[accessed 16 April 2026]

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| | | | | ▪ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ထမ်းဆောင်မှု လိုအပ်ချက်များအတွက်သတင်းအချက်အလက်များ၊ စာရင်းအင်းအချက်အလက်များ ပံ့ပိုးပေးခြင်းနှင့် လွှတ်တော်အတွင်း ဆွေးနွေးငြင်းခုံမှုများအတွက် လိုအပ်သည့် မှတ်စုများ ပြုစုဆောင်ရွက်ပေးခြင်း။<br>▪ လွှတ်တော်စာကြည့်တိုက်ကို စနစ်တကျ စီမံခန့်ခွဲ၍ စာကြည့်တိုက်ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း။<br>▪ လွှတ်တော်သို့ တင်သွင်းထားသော ဥပဒေကြမ်းများနှင့် သတင်းစာများမှသက်ဆိုင်ရာဆောင်းပါးများ၊ သတင်းအချက်အလက်များကို စုစည်းမှတ်တမ်းတင်ထားသည့် အညွှန်းဒေတာဘေ့စ်များ (Index Databases) ကို စီမံထိန်းသိမ်းခြင်း။<br>▪ အပြန်အလှန်အသုံးပြုနိုင်သည့် ဝဘ်အခြေပြုစနစ်ပေါ်ရှိ မီဒီယာပေါင်းစုံအရင်းအမြစ်များ (Multimedia Resources) ကို စီမံခန့်ခွဲခြင်း။<br>▪ လွှတ်တော်ကိုယ်စားလှယ်များ၏ လိုအပ်ချက်များနှင့်အညီ စီးပွားရေး၊ လူမှုရေး၊ စွမ်းအင်၊ သိပ္ပံနှင့်နည်းပညာ၊ လုံခြုံရေးနှင့် နိုင်ငံတကာရေးရာကဏ္ဍများတွင် သုတေသနလုပ်ငန်း |

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| | | | | များ ဆောင်ရွက်ခြင်း၊ စီမံကွပ်ကဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း။[14] |
| ၁၀။ | **ထိုင်း** | သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန | ကျွမ်းကျင်ပညာရှင်လွှတ်တော်ဝန်ထမ်းများ | ▪ ဥပဒေကြမ်းများနှင့် မူဝါဒများဆန်းစစ်ခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ အချက်အလက်များ ရှာဖွေပေးခြင်း၊<br>▪ ပညာရပ်ဆိုင်ရာ ဂျာနယ်များနှင့် စာတမ်းများထုတ်ဝေခြင်း၊[15] |
| ၁၁။ | **ဥဇဘက်ကစ္စတန်** | ဥပဒေပြုရေးနှင့် ပါလီမန်သုတေသန ဗဟိုဌာန | အဆင့်မြင့်ပညာရှင်များ | ▪ ဥပဒေကြမ်းများအား ဆန်းစစ်ခြင်း၊<br>▪ စီးပွားရေးနှင့် မူဝါဒဆိုင်ရာ သုတေသနပြုစုရေးသားခြင်း၊ ဒစ်ဂျစ်တယ်ပါလီမန်စနစ်ကို ကူညီပံ့ပိုးပေးခြင်း၊[16] |
| ၁၂။ | **ဘင်္ဂလားဒေ့ရှ်** | စာကြည့်တိုက်နှင့် မှတ်တမ်းဌာနခွဲ | အထွေထွေဝန်ထမ်းများ၊ | ▪ ဥပဒေပြုရေးဆိုင်ရာ အကျဉ်းချုပ်များ ပြုစုခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်များအတွက် မေးခွန်းမေးမြန်းရန် အတွက်သော်လည်းကောင်း၊ မိန့်ခွန်းပြောကြားရန် သော်လည်းကောင်း အချက်အလက်များရှာဖွေပေးခြင်း၊<br>▪ ကော်မတီများ၏ လုပ်ငန်းစဉ်များကို ပံ့ပိုးပေးခြင်း၊[17] |

[14] The Official Portal of Parliament of Malaysia, Research and Library Division, available from: https://www.parlimen.gov.my/unit-penyelidik.html?uweb=p&lang=en/[16 April 2026]
[15] National Assembly Library of Thailand, Parliamentary Research, available from: https://library.parliament.go.th/en/researchrelated/[accessed 16 April 2026]
[16] Parliamentary Research Institute, available from; https://pri.oliymajlis.uz/en//[accessed 16 April 2026]
[17] Bangladesh Parliament Library, available from: https://library.parliament.gov.bd//[accessed 17 April 2026]

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| ၁၃။ | **အီရန်** | အစ္စလာမ်မစ်လွှတ်တော်သုတေသန ဗဟိုဌာန | အဆင့်မြင့်ကျွမ်းကျင်သုတေသန ပညာရှင်များ | ▪ ဥပဒေကြမ်းများကို ဘက်စုံဆန်းစစ်ပေးခြင်း၊<br>▪ အစီရင်ခံစာများ ထုတ်ပြန်ခြင်း၊<br>▪ ကော်မတီများအတွက် မူဝါဒရေးဆွဲပေးခြင်း၊ |
| ၁၄။ | **ဂျပန်** | လွှတ်တော်နှစ်ရပ်စလုံးတွင် သီးခြားသုတေသနအဖွဲ့များရှိပါသည်။ | အဆင့်မြင့် ပညာရေးရရှိပြီးသူ သက်ဆိုင်ရာ နယ်ပယ်များတွင် အထူးကျွမ်းကျင်သူများ၊ ပြည်သူ့ရေးရာမူဝါဒ၊သုတေသနနှင့် စာကြည့်တိုက်သိပ္ပံဆိုင်ရာ အတွေ့အကြုံရှိသူများ | ▪ ဥပဒေကြမ်းများအား လေ့လာဆန်းစစ်၍ သုံးသပ်ကာ အစီရင်ခံစာများ ပြုစုခြင်း။<br>▪ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို သုတေသနပြုစု၍ ဖြေကြားပေးခြင်း၊<br>▪ မူဝါဒဆိုင်ရာသုတေသနနှင့် နှိုင်းယှဉ်လေ့လာမှုများ ဆောင်ရွက်ခြင်း၊<br>▪ ကော်မတီအစည်းအဝေးများအတွက် နောက်ခံစာတမ်းများ (Background Papers) ပြုစုခြင်း။<br>▪ ပြည်တွင်း၊ ပြည်ပ ဥပဒေများနှင့် မူဝါဒများကို နှိုင်းယှဉ်လေ့လာပေးခြင်း။<br>▪ စာရင်းအင်းနှင့် အချက်အလက်များ စုဆောင်းပေးခြင်း၊<br>▪ လွှတ်တော်စာကြည့်တိုက်နှင့် ဒစ်ဂျစ်တယ်အချက်အလက်ရင်းမြစ်များကို စီမံခန့်ခွဲခြင်း။[18] |

[18] National Diet Library, Japan, available from; https://www.ndl.go.jp/en/diet /[accessed 17 April 2026]

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| ၁၅။ | **တောင်ကိုရီးယား** | အမျိုးသားလွှတ်တော်သုတေသန ဝန်ဆောင်မှု(လွတ်လပ်သောအဖွဲ့အစည်း/ ပြင်ပအဖွဲ့အစည်း) | အဆင့်မြင့်ကျွမ်းကျင်သုတေသန ပညာရှင်များ | ▪ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ အချက်အလက်များကို သုတေသနပြုစုပေးခြင်း၊<br>▪ နိုင်ငံ၏ ဖြစ်ပေါ်လာနိုင်သော ပြဿနာရပ်များကို ကြိုတင်မျှော်တွေး၍ သုတေသနပြုခြင်း၊<br>▪ ဥပဒေများကို ခွဲခြမ်းစိတ်ဖြာ၍ ဆန်းစစ်မှုပြုလုပ်ပေးခြင်း၊<br>▪ နိုင်ငံတကာ၏ ဥပဒေပြုမှု အလားအလာများ၊ ကမ္ဘာ့စီးပွားရေး အပြောင်းအလဲများကို စောင့်ကြည့်လေ့လာပြီး ကြိုတင်ပြင်ဆင်နိုင်အောင်သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊[19] |
| ၁၆။ | **ပါကစ္စတန်** | လွှတ်တော်အတွင်းရေးမှူးရုံး အောက်ရှိ သုတေသနနှင့်သတင်း အချက်အလက်ဌာနခွဲ | နိုင်ငံ့ဝန်ထမ်းသုတေသီများ | ▪ ဥပဒေကြမ်းများအား ဆန်းစစ်ခြင်း၊<br>▪ ကော်မတီများအတွက် အချက်အလက်ပံ့ပိုးပေးခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်များအတွက် မေးခွန်းမေးမြန်းရန် သော်လည်းကောင်း၊ မိန့်ခွန်းပြောကြားရန်သော်လည်းကောင်း အချက်အလက်များအား အချိန်မီရှာဖွေပေးခြင်း၊[20] |

[19] National Assembly Research Service, Legislative Research Service, available from: https://www.nars.go.kr/eng/intro/researchServices.do/[accessed 17 April 2026]

[20] Portal for Parliamentary Development, The Pakistan Institute for Parliamentary Services (PIPS) information package, available from:https://www.agora-parl.org/resources/library/pakistan-institute-parliamentary-services-pips-information-package/[accessed 16 April 2026]

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| ၁၇။ | **နီပေါ** | လွှတ်တော်အတွင်းရေးမှူးရုံး အောက်ရှိ လွှတ်တော်လေ့လာရေး နှင့် သုတေသနဌာနခွဲ | အထွေထွေနိုင်ငံ့ဝန်ထမ်းများ | ▪ အချက်အလက်များစုဆောင်းပေးခြင်းနှင့် ဥပဒေကြမ်း အကျဉ်းချုပ်ပြုလုပ်ပေးခြင်း၊<br>▪ စာကြည့်တိုက်ဝန်ဆောင်မှုပံ့ပိုးပေးခြင်း၊[21] |
| ၁၈။ | **ကူဝိတ်** | ပါလီမန်အတွင်းရေးမှူးရုံးအောက်ရှိ သတင်းအချက်အလက်၊ သုတေသနနှင့် စာကြည့်တိုက်ဌာန | အဆင့်မြင့်ဘာသာရပ်အလိုက်အထူး ပြုပညာရှင်များ | ▪ ဥပဒေကြမ်းများနှင့် မူဝါဒများ ဆန်းစစ်ခြင်း၊<br>▪ အစိုးရအဖွဲ့အား စောင့်ကြည့်စစ်ဆေးရန် အချက်အလက် ပံ့ပိုးခြင်း၊<br>▪ ဥပဒေဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ |
| ၁၉။ | **ဩစတြေးလျ** | လွှတ်တော်စာကြည့်တိုက်အောက်ရှိ သုတေသနဌာနခွဲ (ကဏ္ဍအလိုက် အထူးပြုဌာနခွဲ ၈ ခုရှိ)၊<br>အဆိုပါ သုတေသနဌာနအပြင် လွှတ်လပ်သော အဖွဲ့အစည်းဖြစ် သည့် လွှတ်တော်ဘတ်ဂျက်ရုံးဟူ၍ လည်းရှိပါသည်။ | ပညာရပ်အလိုက် အရည်အသွေး မြင့်မားသည့် အထူးပြုပညာရှင်များ | ▪ စာကြည့်တိုက်နှင့် သုတေသနဝန်ဆောင်မှု၊<br>▪ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှု၊<br>▪ လုံခြုံရေးဝန်ဆောင်မှု၊<br>▪ ဥပဒေကြမ်းများအား သီးသန့်ဆန်းစစ်ချက် ထုတ်ပြန်ခြင်း၊ ရှေ့ပြေးမူဝါဒစာတမ်းများ ထုတ်ပြန်ခြင်း (ဆိုလိုသည်မှာ လွှတ်တော်အတွင်း အဓိကဆွေးနွေးလာမည့် အများပြည်သူ ဆိုင်ရာမူဝါဒများ)[22] |
| ၂၀။ | **အမေရိကန်** | ကွန်ဂရက်လွှတ်တော်စာကြည့်တိုက် အောက်ရှိ ကွန်ကရက်သုတေသန | ထိပ်တန်းအဆင့်မြင့်ကျွမ်းကျင် ပညာရှင်များ | ▪ အချက်အလက်များကို ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်ခြင်း၊ |

[21] Parliamentary Studies and Research Division, available from; https://hr.parliament.gov.np/en/department/Parliamentary%20Studies%20and%20Research%20Division[accessed 16 April 2026]
[22] Parliament of Australia, Department of Parliamentary Services (DPS), available from; https://www.aph.gov.au/about_parliament/parliamentary_departments/department_of_parliamentary_services/[accessed 16 April 2026]

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| | | ဝန်ဆောင်မှု (ကဏ္ဍအလိုက် အထူးပြု သုတေသနအဖွဲ့ ၅ ဖွဲ့ရှိ) | | ▪ တောင်းဆိုချက်အရ လျှို့ဝှက်သုတေသနပြုလုပ်ပေးခြင်း၊<br>▪ ဥပဒေပြုရေးလုပ်ငန်းစဉ်တစ်ဆင့်ချင်းစီအား ကူညီပေးခြင်း၊[23] [24] |
| ၂၁။ | **ကနေဒါ** | ကနေဒါလွှတ်တော်စာကြည့်တိုက် အောက်ရှိ လွှတ်တော်သတင်းအချက် အလက်နှင့် သုတေသနဝန်ဆောင်မှု ဌာန | ပညာရပ်ဆိုင်ရာ အရည်အသွေးမြင့် ပညာရှင်များ | ▪ လွှတ်လပ်၍ ဘက်မလိုက်သော ဥပဒေကြမ်းဆန်းစစ်ချက်များ လွှတ်တော်ကိုယ်စားလှယ်များအတွက် မေးခွန်းမေးမြန်းရန်သော်လည်းကောင်း၊ မိန့်ခွန်းပြောကြားရန်သော်လည်းကောင်း အချက်အလက်များအား လျှို့ဝှက်သုတေသနပြုစုပေးခြင်း၊<br>▪ လွှတ်တော်ကော်မတီများကို တိုက်ရိုက်ပံ့ပိုးပေးခြင်း၊[25] |
| ၂၂။ | **မက္ကဆီကို** | အောက်လွှတ်တော်ရှိ သီးခြား လွတ်လပ်သည့် သုတေသနဗဟိုဌာန (ယင်းဌာနတွင် ကဏ္ဍအလိုက်ဌာနခွဲ ၅ ခုရှိ) ရှိပြီး လူမှုရေးရာနှင့် ပြည်သူ့ သဘောထားဆန္ဒသုတေသနဗဟို ဌာန ဟူ၍လည်းရှိပါသည်။ | ဘာသာရပ်အလိုက် အဆင့်မြင့် ပညာရှင်များ | ▪ အစိုးရ၏ မူဝါဒနှင့် ဘတ်ဂျက်ကို စိစစ်ခြင်း၊<br>▪ ဥပဒေကြမ်းများ၏ သက်ရောက်မှုများကို ကြိုတင်တွက်ချက်ခြင်း၊<br>▪ ကျား/မ တန်းတူညီမျှမှုကို ဆန်းစစ်ခြင်း၊ |

[23] Congressional Research Service (CRS), available from; https://www.usa.gov/agencies/congressional-research-service#:~:text=The%20Congressional%20Research%20Service%20(CRS,to%20an%20informed%20national%20legislature/[accessed 17 April 2026]
[24] Congressional Research Service, available from; https://www.loc.gov/crsinfo/about/[accessed 17 April 2026]
[25] Parliament of Canada, Library of Parliament, available from; https://lop.parl.ca/sites/PublicWebsite/default/en_CA/[accessed 17 April 2026]

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| ၂၃။ | **ဆွစ်ဇာလန်** | လွှတ်တော်စာကြည့်တိုက် | ပညာရပ်အလိုက်ကျွမ်းကျင်ပညာရှင်များဖြစ်သော လွှတ်တော်ဝန်ထမ်း ၃၀ ဝန်းကျင်ခန့် | ▪ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီအတွက် သီးသန့်သုတေသနပြုစုပေးခြင်း၊<br>▪ မီဒီယာစောင့်ကြည့်ခြင်းနှင့် ဆန်းစစ်ခြင်း၊<br>▪ လွှတ်တော်တွင်ကိုယ်စားလှယ်များဆွေးနွေးနိုင်ရန် ဥပဒေကြမ်း၏ နောက်ခံအကြောင်းအရာနှင့် အချက်အလက်များကို အကျဉ်းချုပ်စာတမ်းပြုစုပေးခြင်း၊[26] |
| ၂၄။ | **ဥရောပသမဂ္ဂ** | ဥရောပပါလီမန်သုတေသနဗဟိုဌာန | ဘက်စုံကျွမ်းကျင်ပညာရှင်များ (ဝန်ထမ်းအင်အား ၃၀၀ ကျော်) | ▪ မူဝါဒရေးရာများကို ခွဲခြမ်းစိတ်ဖြာပေးခြင်းနှင့် သက်ရောက်မှုများကိုအကဲဖြတ်ခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီအတွက် သီးသန့်သုတေသနပြုစုပေးခြင်း၊<br>▪ ရေရှည်မျှော်မှန်းချက်သုတေသနပြုစုခြင်း၊[27] |
| ၂၅။ | **ဆွီဒင်** | လွှတ်တော်အုပ်ချုပ်ရေးရုံးအောက်ရှိ သုတေသနဝန်ဆောင်မှုဌာန | ဘာသာရပ်အလိုက်ကျွမ်းကျင်ပညာရှင်များ | ▪ ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ သီးသန့်သုတေသနပြုစုပေးခြင်းနှင့် ဥပဒေကြမ်းနှင့် မူဝါဒများဆန်းစစ်ခြင်း၊ |
| ၂၆။ | **တူကီယဲ** | လွှတ်တော်အတွင်းရေးမှူးရုံးအောက်ရှိ သုတေသနဝန်ဆောင်မှုဌာန | လေ့ကျင့်သင်ကြားထားသော အဆင့်မြင့်လွှတ်တော်ဝန်ထမ်းများ | ▪ လွှတ်တော်ကိုယ်စားလှယ်များ၏တောင်းဆိုချက်အရ သီးသန့်သုတေသနပြုစုပေးခြင်း၊<br>▪ ဥပဒေကြမ်းများ ဆန်းစစ်ခြင်း၊ |

[26] The Federal Assembly, The Swiss Parliament, Parliamentarism in the Parliamentary Library, available from; https://www.parlament.ch/en/services/parliamentary-library/support-for-research[accessed 17 April 2026]
[27] European Parliament, available from; https://www.europarl.europa.eu/thinktank/en/research/by-policy-area[accessed 17 April 2026]

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| | | | | ▪ လွှတ်တော်တွင်အဓိကဆွေးနွေးနေသည့် အကြောင်းအရာများ၊ ပြဿနာများ၊ မူဝါဒအပြောင်းအလဲများကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် အချိန်တိုအတွင်း သတင်းအချက်အလက်များအားအကျဉ်းချုပ်ရေးသားထုတ်ပြန်ခြင်း၊ |
| ၂၇။ | **ချက်သမ္မတနိုင်ငံ** | ပါလီမန်သုတေသနအဖွဲ့ | အဆင့်မြင့်ပညာရေးနောက်ခံရှိသော လွှတ်တော်ဝန်ထမ်းများ | ▪ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ သီးသန့်သုတေသနပြုစုပေးခြင်း၊<br>▪ EU အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတွင်းဥပဒေအသစ်များသည် ဥရောပသမဂ္ဂ၏ ဥပဒေများ၊ စံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆန်းစစ်ပေးခြင်း၊ |
| ၂၈။ | **ဂျာမနီ** | အောက်လွှတ်တော်ရှိ ပါလီမန်သုတေသနဝန်ဆောင်မှုဌာန (ကဏ္ဍအလိုက် အထူးပြုဌာနခွဲ (၁၀) ခုရှိ) | အဆင့်မြင့်ကျွမ်းကျင်ပညာရှင်များ ၄၀၀ ကျော် | ▪ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ သီးသန့်သုတေသနပြုစုပေးခြင်း၊<br>▪ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုဆန်းစစ်ခြင်း၊<br>▪ လက်ရှိဖြစ်ရပ်များအပေါ် နောက်ခံသမိုင်းကြောင်းများအား အကျဉ်းချုပ်၍ စာတမ်းရေးသားထုတ်ဝေပေးခြင်း၊ |
| ၂၉။ | **ဂရိ** | သိပ္ပံနှင့် ပညာရပ်ဆိုင်ရာဝန်ဆောင်မှု (အထူးပြုဌာနခွဲ ၃ ခုရှိပါသည်) | ဥပဒေဘာသာရပ်ဖြင့်အဆင့်မြင့်ပညာရပ်ဘွဲ့ရသူများ | ▪ ဥပဒေကြမ်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ငြိစွန်းမှုရှိ၊မရှိ ဥပဒေပြုရေးစံနှုန်းများနှင့် ကိုက်ညီမှုရှိ၊မရှိ အသေးစိတ်ဆန်းစစ်ချက်စာတမ်းများ ထုတ်ပြန်ပေးခြင်း၊ |

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| | | | | ▪ EU အဖွဲ့ဝင် နိုင်ငံဖြစ်သည့်အတွက် ပြည်တွင်းဥပဒေအသစ်များသည် ဥရောပသမဂ္ဂ၏ ဥပဒေများနှင့် စံနှုန်းများဖြင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ညှိနှိုင်းပေးခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ သီးသန့်သုတေသနပြုစုပေးခြင်း၊ |
| ၃၀။ | **အီတလီ** | လွှတ်တော်နှစ်ရပ်စလုံး၌ သီးသန့်ဖွဲ့စည်းထားသော သုတေသနဌာနရှိပါသည်။ | အဆင့်မြင့်ပညာရှင်ဝန်ထမ်းများ | ▪ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ သီးသန့်သုတေသနပြုစုပေးခြင်း၊<br>▪ ဥပဒေကြမ်းများအား အသေးစိတ်စိစစ်ခြင်း၊<br>▪ နိုင်ငံတကာဥပဒေများနှင့် နှိုင်းယှဉ်လေ့လာခြင်း၊ |
| ၃၁။ | **နယ်သာလန်** | အောက်လွှတ်တော်အုပ်ချုပ်ရေးဌာနအောက်ရှိ ဆန်းစစ်ခြင်းနှင့် သုတေသနဌာနဟူ၍ရှိပါသည်။ | အဆင့်မြင့်ကျွမ်းကျင်အရည်အသွေးမြင့်မားသည့် ပညာရှင်များ | ▪ ကော်မတီအဖွဲ့၏ အသေးစိတ်စုံစမ်းစစ်ဆေးမှုကို ပြုလုပ်နိုင်ရန် အချက်အလက်များရှာဖွေ၍ သုတေသနပြုခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ သီးသန့်သုတေသနပြုစုပေးခြင်း၊<br>▪ အစိုးရ၏ မူဝါဒများနှင့် တင်သွင်းလာသော ဥပဒေကြမ်းအား အထောက်အထားခိုင်လုံမှုရှိ၊ မရှိ စစ်ဆေးခြင်း၊ |

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| ၃၂။ | **ပိုလန်** | အောက်လွှတ်တော်နှင့်အထက်လွှတ်တော်နှစ်ရပ်စလုံးတွင် သုတေသနဌာနအသီးသီးရှိပါသည်။ | ဘာသာရပ်အလိုက်ကျွမ်းကျင်ပညာရှင်များ | ▪ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် EU ဥပဒေများနှင့် ကိုက်ညီမှု ရှိ၊မရှိ စစ်ဆေးကာ ဥပဒေကြမ်းများအား ဘက်မလိုက်ဘဲ ဆန်းစစ်ခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ တောင်းဆိုချက်အရ လျှို့ဝှက်သုတေသနပြုစုပေးခြင်း၊<br>▪ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် စာတမ်းများထုတ်ဝေခြင်း၊ |
| ၃၃။ | **ဩစတီးလျ** | ပါလီမန်ဝန်ဆောင်မှုဦးစီးဌာနရှိ စာကြည့်တိုက်နှင့် သုတေသနဌာနခွဲ ဟူ၍ (၈) ခုရှိပြီး လွှတ်တော်နှစ်ရပ်စလုံးအတွက် ထောက်ပံ့ပေးပါသည်။ ထို့ပြင် လွှတ်တော်ဘတ်ဂျက်ရုံးသည်လည်း လွတ်လပ်သော အဖွဲ့အစည်းအနေဖြင့် ထောက်ပံ့ပေးပါသည်။ | ကဏ္ဍအလိုက်နှစ်ရှည်လများအတွေ့အကြုံရှိသည့် ဝန်ထမ်းပေါင်း ၁၀၀ ကျော်ဖြင့်ဖွဲ့စည်းထားပါသည်။ | ▪ ဥပဒေ၏ သက်ရောက်မှု၊ အားနည်းချက်၊ အားသာချက်များကို ဘက်မလိုက်ဘဲဆန်းစစ်ခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ တောင်းဆိုချက်အရ လျှို့ဝှက်သုတေသနပြုစုပေးခြင်း၊<br>▪ စာရင်းအင်းနှင့် မြေပုံများထုတ်လုပ်ပေးခြင်း၊ |
| ၃၄။ | **ရုရှား** | လွှတ်တော်နှစ်ရပ်စလုံးတွင် ကိုယ်ပိုင်အဆင့်မြင့် သုတေသနဌာနများအသီးသီးရှိပြီး ဆန်းစစ်လေ့လာရေးနှင့် သုတေသနဌာနဟူ၍ရှိပါသည်။ | ဝန်ထမ်းပေါင်း ၂၅၀ နီးပါးရှိသော အထူးကျွမ်းကျင်ပညာရှင်များနှင့် နိုင်ငံတော်အဆင့်ဝါရင့် အရာရှိကြီးများ | ▪ ဥပဒေကြမ်းများ၏ နောက်ခံအချက်အလက်များ ရှာဖွေပေးခြင်းနှင့် ဥပဒေဆိုင်ရာဝေါဟာရများ ရှင်းလင်းဖြေကြားပေးခြင်း၊ |

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း<br>ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
|---|---|---|---|---|
| | | | | ▪ မဲဆန္ဒရှင်များ၏ အကြံပြုချက်၊ ဝေဖန်ချက်များနှင့် တုံ့ပြန်မှုများကို ပုံမှန်စစ်တမ်းကောက်ယူကာ အစီရင်ခံတင်ပြပေးခြင်း၊ |
| ၃၅။ | **အင်္ဂလန်** | အောက်လွှတ်တော်စာကြည့်တိုက်ရှိ သုတေသနဌာနခွဲ ၈ ခု ရှိပြီး လွှတ်တော်နှစ်ရပ်စလုံးအတွက် ထောက်ပံ့ပေးပါသည်။ | နယ်ပယ်အလိုက်ကျွမ်းကျင်ပညာရှင် ၂၀၀ ဝန်းကျင်ခန့်ရှိပါသည်။ | ▪ ဥပဒေ၏ သက်ရောက်မှု၊ အားနည်းချက်၊ အားသာချက်များနှင့် နောက်ခံအကြောင်းအရာများကို ဘက်မလိုက်ဘဲ ဆန်းစစ်ခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ တောင်းဆိုချက်အရ လျှို့ဝှက်သုတေသနပြုစုပေးခြင်း၊<br>▪ ဒစ်ဂျစ်တယ်နှင့် ကိန်းဂဏန်းအချက်အလက်များပံ့ပိုးပေးခြင်း၊ |
| ၃၆။ | **ဖင်လန်** | လွှတ်တော်စာကြည့်တိုက်အောက်ရှိ သုတေသနဝန်ဆောင်မှု | အဆင့်မြင့်ပညာရေးနောက်ခံရှိသော လွှတ်တော်ဝန်ထမ်းများ | ▪ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ တောင်းဆိုချက်အရ လျှို့ဝှက်သုတေသနပြုစုပေးခြင်း၊<br>▪ ကိန်းဂဏန်းနှင့် စာရင်းအင်းဆန်းစစ်ခြင်း၊<br>▪ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ဖြစ်သောကြောင့် ဥရောပသမဂ္ဂမှချမှတ်သည့်မူဝါဒများ၊ ဥပဒေများက နိုင်ငံအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိလာနိုင်မည်ကို ကြိုတင်ဆန်းစစ်ချက်စာတမ်းများထုတ်ပြန်ခြင်း၊ |
| ၃၇။ | **လတ်ဗီးယား** | လွှတ်တော်အတွင်းရေးမှူးရုံးအောက်ရှိ သုတေသနဌာန | ကျွမ်းကျင်ပညာရှင်များ | ▪ ဥပဒေကြမ်းများအား ဆန်းစစ်ခြင်းနှင့် အခြားဥရောပနိုင်ငံများ၏ ဥပဒေများနှင့်နှိုင်းယှဉ်လေ့လာခြင်း၊ |

| စဉ် | နိုင်ငံ | ဖွဲ့စည်းပုံ | သုတေသနဝန်ထမ်း<br>ခန့်အပ်မှုအခြေအနေ | အဓိကလုပ်ငန်းတာဝန် |
| --- | --- | --- | --- | --- |
| | | | | ▪ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ပြည်တွင်းဥပဒေကြမ်းများသည် ဥရောပသမဂ္ဂ၏ ဥပဒေများစံနှုန်းများနှင့်ကိုက်ညီမှုရှိမရှိ ဆန်းစစ်ခြင်း၊<br>▪ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ တောင်းဆိုချက်အရ လျှို့ဝှက်သုတေသနပြုစုပေးခြင်း၊ |
| ၃၈။ | **ယူဂန်ဒါ** | သုတေသနဝန်ဆောင်မှုဌာနတွင် ဌာနခွဲ ၄ ခုရှိပါသည်။ | ဝန်ထမ်းအင်အား ၆၀ ကျော်ဖြင့် ကဏ္ဍအလိုက်ကျွမ်းကျင်လွှတ်တော်ဝန်ထမ်းများ | ▪ လတ်တလောအရေးကြီးပြဿနာများကို ကြိုတင်မျှော်တွေး၍ သုတေသနပြုခြင်း၊<br>▪ ဥပဒေကြမ်းများနှင့် မူဝါဒများအား ဆန်းစစ်ခြင်း၊<br>▪ အစိုးရစီမံကိန်းများအား ကွင်းဆင်းစစ်ဆေးခြင်း၊ |
| ၃၉။ | **အယ်လ်ဂျီးရီးယား** | သုတေသနနှင့်ဆန်းစစ်ညွှန်ကြားမှုဦးစီးဌာန | ဥပဒေ၊ စီးပွားရေးနှင့် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုဘာသာရပ်များဖြင့် ဘွဲ့ရထားသည့် နိုင်ငံ့ဝန်ထမ်းများ | ▪ ဥပဒေကြမ်းပါစကားရပ်များနှင့် ဥပဒေကြောင်းအရာများအား စစ်ဆေးခြင်း၊<br>▪ သတင်းအချက်အလက်များရှာဖွေစုဆောင်းပေးခြင်း၊ |

၁၅။ အထက်ဖော်ပြပါ ဇယားအရ နိုင်ငံ (၃၉) နိုင်ငံနှင့် အဖွဲ့အစည်း (၁) ခု၏ လွှတ်တော်သုတေသနဝန်ဆောင်မှု လုပ်ငန်းများကိုလေ့လာကြည့်ပါက နိုင်ငံအများစုတွင် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းများကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် သုတေသနဝန်ဆောင်မှု လုပ်ငန်းများကို စနစ်တကျဖွဲ့စည်းထားကြောင်း တွေ့ရှိရပါသည်။ နိုင်ငံအချို့တွင် လွှတ်တော်အတွင်းရေးမှူးရုံး သို့မဟုတ် စာကြည့်တိုက်အောက်တွင် သုတေသနဌာနများကို ဖွဲ့စည်းထားသကဲ့သို့ အချို့နိုင်ငံများတွင် လွှတ်လပ်သော သုတေသနဗဟိုဌာနများအဖြစ် သီးခြားရပ်တည်ကာ ပံ့ပိုးပေးကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် လွှတ်တော်သုတေသနဝန်ဆောင်မှုလုပ်ငန်းများ၏ ဖွဲ့စည်းပုံများမှာ နိုင်ငံအလိုက် ကွဲပြားမှုရှိကြောင်း တွေ့ရှိရပြီး နိုင်ငံအချို့တွင် လွှတ်တော်အဖွဲ့အစည်းအတွင်း တိုက်ရိုက်ပါဝင်သောပုံစံ (internal model) ကို အသုံးပြုကြသော်လည်း အချို့နိုင်ငံများတွင် လွှတ်လပ်သော ပြင်ပအဖွဲ့အစည်းပုံစံ (external model) ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် သီးခြားလွှတ်လပ်သော အဖွဲ့အစည်းများအပါအဝင် လွှတ်တော်နှစ်ရပ်လုံးအား ပံ့ပိုးပေးရသည့်နိုင်ငံပေါင်း (၃၅) နိုင်ငံနှင့် လွှတ်တော်နှစ်ရပ်လုံးတွင် ကိုယ်ပိုင်သုတေသနဌာနများ အသီးသီးရှိသည့်နိုင်ငံ (၄) နိုင်ငံ တွေ့ရှိရပါသည်။

၁၆။ ထို့ပြင် သုတေသနဝန်ထမ်းများခန့်အပ်မှုအခြေအနေကို လေ့လာရာတွင် သုတေသနဝန်ထမ်းအများစုမှာ အဆင့်မြင့်ပညာရေးနောက်ခံရှိသူများကို အများဆုံးခန့်အပ်ထားသည့်အတွက် အရည်အချင်းပိုင်းကိုလည်း အထူးအလေးထားကြောင်း တွေ့ရှိရပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် အမေရိကန်၊ ကနေဒါ၊ ဂျာမနီ၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများတွင် ဥပဒေ၊ စီးပွားရေးစသည့်ကဏ္ဍအလိုက် အထူးပြုသုတေသနပညာရှင်များဖြင့်၊ အဆင့်မြင့်ပညာရှင်များ၊ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများနှင့် ပရော်ဖက်ရှင်နယ်သုတေသီများဖြင့် ခန့်အပ်ထားပြီး စနစ်တကျဖွဲ့စည်းထားကြောင်း တွေ့ရှိရပါသည်။ အချို့ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လေ့ကျင့်သင်ကြားပေးထားသည့် အထွေထွေနိုင်ငံ့ဝန်ထမ်းများကို ခန့်အပ်ထားသော်လည်း ထိုလေ့ကျင့်သင်ကြားမှုများမှ တစ်ဆင့် ကျွမ်းကျင်မှုမြှင့်တင်ရန် ကြိုးပမ်းနေကြောင်း တွေ့ရှိရပါသည်။

၁၇။ လုပ်ငန်းတာဝန်များကို လေ့လာကြည့်ပါက နိုင်ငံအများစု အထူးသဖြင့် ဥရောပနိုင်ငံများ၏ လွှတ်တော်သုတေသနဝန်ဆောင်မှုလုပ်ငန်းများသည် ဥပဒေကြမ်းများအား ဆန်းစစ်ခြင်း၊ မူဝါဒများ၏ သက်ရောက်မှုများကို ကြိုတင်သုံးသပ်ခြင်း၊ ဘတ်ဂျက်နှင့် ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စိစစ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် မေးခွန်းမေးမြန်းခြင်းနှင့် မိန့်ခွန်းပြောကြားခြင်းတို့အတွက် လိုအပ်သောအချက်အလက်များ ရှာဖွေပေးခြင်းတို့ကို အဓိကဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ဥရောပနိုင်ငံအများစုသည် ဥရောပသမဂ္ဂအဖွဲ့ဝင်(EU) နိုင်ငံဖြစ်သည့်အတွက်

ဥပဒေများဆန်းစစ်ရာတွင် သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပြင် EU ၏ ဥပဒေများနှင့်စံနှုန်းများကိုက်ညီမှုရှိ၊မရှိကိုလည်း အဓိကအလေးထားဆန်းစစ်ကြောင်း တွေ့ရှိရပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကိုကြိုတင်မျှော်မှန်း၍ သုတေသနပြုခြင်း၊ နိုင်ငံတကာဥပဒေများနှင့် နှိုင်းယှဉ်၍ဆန်းစစ်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် မူဝါဒအပြောင်းအလဲများကို စောင့်ကြည့်လေ့လာခြင်းစသည့် အဆင့်မြင့်သုတေသနလုပ်ငန်းတာဝန်များကိုပါ ဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

**နိဂုံး**

၁၈။ လွှတ်တော်သုတေသနဝန်ဆောင်မှုလုပ်ငန်းများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေပြုရေးနှင့် မူဝါဒရေးရာဆုံးဖြတ်ချက်ချမှတ်မှုများတွင် အရေးပါသော အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုပင်ဖြစ်ပါသည်။ IPU အဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်သုတေသနဝန်ဆောင်မှုလုပ်ငန်းအများစုမှာ အာရှနိုင်ငံများတွင်ဆောင်ရွက်မှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံအများစုတွင် လွှတ်တော်သုတေသနဝန်ဆောင်မှုလုပ်ငန်းများကို သက်ဆိုင်ရာဘာသာရပ်အလိုက် အဆင့်မြင့်ပညာအရည်အချင်းဘွဲ့ရထားသည့် ပါရဂူဘွဲ့၊ မာစတာဘွဲ့ရသုတေသီများဖြင့် ဖွဲ့စည်းထားပါသည်။ ထိုသို့ ဖွဲ့စည်းထားခြင်းသည် ဥပဒေပြုရေး၊ မူဝါဒရေးရာနှင့် ဘတ်ဂျက်ရေးရာကဲ့သို့သော ကိစ္စရပ်များကို ကဏ္ဍအသီးသီးအလိုက် ထိရောက်စွာ လေ့လာသုံးသပ်နိုင်စေရန်အတွက် ဖြစ်ပါသည်။

၁၉။ ထို့ကြောင့် လွှတ်တော်သုတေသနဝန်ဆောင်မှုလုပ်ငန်းသည် ခေတ်မီလွှတ်တော်စနစ်တစ်ရပ်အတွက် မရှိမဖြစ်လိုအပ်သော အထောက်အကူပြုယန္တရားတစ်ခုဖြစ်ပြီး၊ ဥပဒေပြုရေးလုပ်ငန်းများကို အထောက်အထားအခြေပြု (evidence-based) ဆောင်ရွက်နိုင်ရန် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထိုကဲ့သို့ သုတေသနဝန်ဆောင်မှု၏ အရည်အသွေးသည် လွှတ်တော်၏ စွမ်းဆောင်ရည်နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသဖြင့် နိုင်ငံအများစုက ကျွမ်းကျင်ပညာရှင်များ ခန့်အပ်ခြင်း၊ သုတေသနစွမ်းရည်မြှင့်တင်ခြင်းနှင့် လွှတ်လပ်၍ ဘက်မလိုက်သော သုတေသနဝန်ဆောင်မှုစနစ်များ တည်ဆောက်ခြင်းတို့ကို အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြအပ်ပါသည်။

နိုင်ငံရေးနှင့်လုံခြုံရေးဌာနစု<br>သုတေသနဌာန

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ဆိုင်ရာတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ လွှတ်တော်သုတေသန ဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅